# အန္တရာယ်ကျရောက်လွယ်သော သက်သေများနှင့် တရားခွင်အကြို ပြန်လှန်စစ်မေးခြင်း

တရားသူကြီးမင်း Martin Picton

# ဗွီဒီယိုမှတ်တမ်း သက်သေအထောက်အထားနှင့်ပတ်သက်သော အကြံပေးကော်မတီ (“ပီဂေါ့ အစီရင်ခံစာ”) ၁၉၈၈

ပြန်လှန်စစ်မေးချက်များအပါအဝင် အသက်အရွယ်ငယ်သော ကလေးသူငယ်များ၏ သက်သေခံထွက်ဆိုချက်သည် တရားရုံးပြင်ပတွင် ဖြစ်သင့်၍ တရားခွင်မတိုင်မီတွင်ဖြစ်သင့်ကြောင်း အဆိုပြုခဲ့သည်။

# "တရားမျှတမှုအတွက် အသံမြှင့်ပြောဆိုခြင်း ၁၉၉၈

- ပြစ်မှုတရားစီရင်ရေးစနစ်အတွင်းတွင် အန္တရာယ်ကျရောက်လွယ်သော သို့မဟုတ် ခြောက်လှန့်ခံထားရသော သက်သေများအပေါ် ပြုမူဆက်ဆံရေးနှင့်ပတ်သက်သော ပြည်ထဲရေးဝန်ကြီးဌာန၏ ဌာနများကြား တွဲဖက်လုပ်ကိုင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာ

- ပြစ်မှုတရားစီရင်ရေးတရားခွင်တွင် အန္တရာယ်ကျရောက်လွယ်သော သို့မဟုတ် ခြောက်လှန့်ခံထားရသော သက်သေများအနေနှင့် အကောင်းဆုံးသော သက်သေခံ ထွက်ဆိုချက်များကိုပေးနိုင်ရန်အလို့ငှာ အထူး စီမံဆောင်ရွက်မှုများ ရှိသင့်ကြောင်း အကြံပြုခဲ့သည်။

# လူရှယ်များ တရားစီရင်မှုနှင့်ပြစ်မှုဆိုင်ရာ သက်သေခံအက်ဥပဒေ ၁၉၉၉

- ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုများတွင် အန္တရာယ်ကျရောက်လွယ်သော သက်သေများ နှင့်/သို့မဟုတ် ခြောက်လှန့်ခံထားရသော သက်သေများ၏ ထိရောက်စွာနှင့်ဘေးကင်းစွာ သက်သေခံ ထွက်ဆိုနိုင်သောစွမ်းရည်ကို ထောက်ကူပေးရန်ဟူသောအမြင်ဖြင့် စတင်ပြဋ္ဌာန်းခဲ့သည်။
- သက်သေများအနေနှင့်အကောင်းဆုံးသော သက်သေခံထွက်ဆိုချက်များကို ပေးနိုင်စေရန်နှင့် တစ်ပြိုင်နက်တည်းမှာပင် အများပြည်သူရှေ့မှောက်တွင် တရားစီရင်မှုကြောင့် ၎င်းတို့အပေါ်၌ ဖြစ်ပေါ်လာသော စိတ်ဖိစီးမှုနှင့် ဖိအားများ ပပျောက်သွားစေရန်တို့အတွက် ပုံစံထုတ် စီစဉ်ထားသော "အထူး စီမံဆောင်ရွက်ချက်" မျိုးစုံကို ပြဋ္ဌာန်းထားသည်။

# အထူး အစီအမံများ

- ပုဒ်မ - ၂၃ - လိုက်ကာများ
- ပုဒ်မ - ၂၄ - နည်းပညာအသုံးပြု၍ တိုက်ရိုက်ချိတ်ဆက်ခြင်း
- ပုဒ်မ - ၂၅ - အထူးကန့်သတ်ထားသော နေရာတွင် သက်သေခံ ထွက်ဆိုခြင်း
- ပုဒ်မ - ၂၆ - တရားသူကြီး၏ ဆံပင်တုများနှင့် ဝတ်ရုံများကို ဖယ်ရှားခြင်း

# အထူး အစီအမံများ

- ပုဒ်မ - ၂၇ - တိုက်ရိုက် စစ်မေးရာတွင် သက်သေခံ ထွက်ဆိုချက်ကို ဗွီဒီယို မှတ်တမ်းတင်ခြင်း
- ပုဒ်မ - ၂၈ - ကြိုတင် မှတ်တမ်းတင်ထားသော ပြန်လှန်စစ်မေးမှု
- ပုဒ်မ - ၂၉ - ကြားတွင် ဝင်ရောက်ဆောင်ရွက်ပေးသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ
- ပုဒ်မ - ၃၀ - ဆက်သွယ် ပြောဆိုဆောင်ရွက်ရန် အထောက်အကူများ

- အသက် ၁၈နှစ် အောက် နှင့်/သို့မဟုတ်
- စိတ်ကျန်းမာရေး ချို့တဲ့သူ သို့မဟုတ် သင်ယူမှု စွမ်းရည် ချို့တဲ့သူ နှင့်/သို့မဟုတ်
- ရုပ်ပိုင်းဆိုင်ရာ ချို့တဲ့သူ သို့မဟုတ် မသန်စွမ်းသူ နှင့်/သို့မဟုတ်
- ၎င်းတို့၏ ပုဂ္ဂိုလ်ရေး ဝန်းကျင်အခြေအနေကြောင့်သော်လည်းကောင်း၊ အမှုကိစ္စဆိုင်ရာ ဝန်းကျင်အခြေအနေကြောင့်သော်လည်းကောင်း သက်သေခံ ထွက်ဆိုချက်ပေးရာ၌ ကြောက်ရွံ့မှု သို့မဟုတ် စိတ်သောက ခံစားရရန် အလားအလာရှိနေသူများ။
- တရားရုံးအနေနှင့် သက်သေက ထုတ်ဖော်ပြောပြလာသော ထင်မြင်ချက်များကို အစဉ်အမြဲ ထည့်သွင်း စဉ်းစားရမည်။

# အရည်အချင်းပြည့်မီသူများ

- လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများနှင့် ၂၀၁၅ ခုနှစ် ခေတ်သစ်ကျွန်ပြုမှု အက်ဥပဒေ၏ ပုဒ်မ ၁ နှင့် ၂ အရ ကျူးလွန်သောအမှုများအတွက် တိုင်ကြားလာသူများနှင့် အိမ်တွင်းအကြမ်းဖက်မှုကျူးလွန်ခံရကြောင်း ထွက်ဆိုထားသူများသည် ၎င်းတို့က (သက်သေက) အရည်အချင်း ပြည့်မီသူမဖြစ်လိုကြောင်း တရားရုံးအား အကြောင်းကြားခြင်း မရှိပါက အကူအညီများကိုရရှိရန် အလိုအလျောက် အရည်အချင်းပြည့်မီပြီးဖြစ်သည်။
- ဇယား 1A တွင်ဖော်ပြထားသော ကျူးလွန်မှုများအတွက် သက်သေများသည်လည်း **အလိုအလျောက်** အရည်အချင်း ပြည့်မီသည်။ ထိုပြဋ္ဌာန်းချက်တွင် ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် ပူဆွေးသောက ရောက်နေရသော နီးစပ်သူဆွေမျိုးများ၊ အိမ်တွင်းအကြမ်းဖက်မှု၊ အမုန်းတရားပြစ်မှု၊ အကြမ်းဖက်မှု၊ လိင်ဆိုင်ရာကျူးလွန်မှု၊ လူကုန်ကူးမှု၊ လူသတ်ရန်အားထုတ်မှု၊ ပြန်ပေးဆွဲမှုနှင့် မှားယွင်းအကျဉ်းချမှု၊ လူ့အသက်သေစေရန် ရည်ရွယ်၍ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အပြင်းအထန် နာကျင်စေရန် ရည်ရွယ်၍ မီးရှို့မှုကျူးလွန်ခံရသူများပါဝင်ကြသည်။ z

# အရည်အချင်းပြည့်မီသူများ

# အထူး အစီအမံများ

- ပုဒ်မ ၁၇ YJCE ၁၉၉၉ - **ကြောက်ရွံ့မှု သို့မဟုတ် စိတ်သောကရောက်မှု**
- တရားရုံးအနေနှင့် တရားစွဲဆိုမှုတွင် သက်သေခံထွက်ဆိုချက်ပေးခြင်းနှင့်ပတ်သက်နေသော သက်သေ၌ဖြစ်ပေါ်နေသော အကြောက်တရား သို့မဟုတ် စိတ်သောကရောက်မှုကြောင့် ၎င်းသက်သေ၏ သက်သေခံထွက်ဆိုချက်၏ အရည်အသွေးသည် ကျဆင်းယုတ်လျော့သွားဖွယ် အကြောင်းရှိသည်ဟု ကျေနပ်လက်ခံရမည်။
- အထူးအားဖြင့် တရားရုံးသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -
- တရားစွဲဆိုခြင်းနှင့် ပတ်သက်သော အမှု၏သဘာဝနှင့် ထွက်ဆိုချက်၌ပါဝင်နေသော ဝန်းကျင်အခြေအနေများ၊
- သက်သေ၏ အသက်အရွယ်၊
- အောက်ဖော်ပြပါအချက်များမှ တရားရုံးက ဆက်ဆိုင်မှုရှိသည်ဟု ထင်မြင်ယူဆသော အချက်များ -

# အထူး အစီအမံများ

- သက်သေ၏ လူမှုရေးနှင့် ယဉ်ကျေးမှုနောက်ခံအခြေအနေ၊ မျိုးနွယ်ဇာတိ၊
- သက်သေ၏ အိမ်တွင်းဝန်းကျင်အခြေအနေနှင့် အလုပ်အကိုင်ဝန်းကျင်အခြေအနေ၊
- သက်သေ၏ ဘာသာရေးသက်ဝင်ယုံကြည်မှု သို့မဟုတ် နိုင်ငံရေးအယူအဆ၊
- အောက်ပါပုဂ္ဂိုလ်များ၏ သက်သေအပေါ်တွင် ပြုလုပ်သော အပြုအမူ -
- (၁) တရားခံ
- (၂) တရားခံ၏ မိသားစုဝင်များ သို့မဟုတ် ပတ်သက်ဆက်နွယ်သူများ
- (၃) တရားစွဲဆိုမှုတွင် တရားခံ သို့မဟုတ် သက်သေဖြစ်လာရန် အလားအလာရှိသော မည်သည့်ပုဂ္ဂိုလ်မဆို

# အထူး အစီအမံများ

- တရားစွဲဆိုခြင်းနှင့်ပတ်သက်သော ပြစ်မှု၏သဘာဝနှင့် ထွက်ဆိုထားသောဝန်းကျင်အခြေအနေများ
- သက်သေ၏ အသက်အရွယ်
- အောက်ဖော်ပြပါကိစ္စများမှ တရားရုံးကဆက်ဆိုင်သည်ဟု ထင်မြင်သောအချက်များ -
- (၁) သက်သေ၏ လူမှုရေးနှင့် ယဉ်ကျေးမှုနောက်ခံအခြေအနေ၊ မျိုးနွယ်ဇာတိ၊
- (၂) သက်သေ၏ အိမ်တွင်းဝန်းကျင်အခြေအနေနှင့် အလုပ်အကိုင်ဝန်းကျင်အခြေအနေ၊
- (၃) သက်သေ၏ ဘာသာရေးသက်ဝင်ယုံကြည်မှု သို့မဟုတ် နိုင်ငံရေးအယူအဆ၊

# အထူး အစီအမံများ

- (ဃ) အောက်ပါပုဂ္ဂိုလ်များ၏ သက်သေအပေါ်တွင် ပြုလုပ်သောအပြုအမူ -
- (၁) တရားခံ
- (၂) တရားခံ၏ မိသားစုဝင်များ သို့မဟုတ် ပတ်သက်ဆက်နွယ်သူများ
- (၃) တရားစွဲဆိုမှုတွင် တရားခံ သို့မဟုတ် သက်သေဖြစ်လာရန် အလားအလာရှိသော မည်သည့်ပုဂ္ဂိုလ်မဆို

# ပုဒ်မ ၁၉၊ ၂၀၊ ၂၁ တို့နှင့် ဆက်စပ်လျက် ပုဒ်မ၁၆နှင့် ၁၇တို့ကို အသုံးပြုခြင်း

- **(၂)** တရားရုံးက သက်သေသည် အရည်အချင်းပြည့်မီသူ ဖြစ်ကြောင်း ဆုံးဖြတ်လျှင် တရားရုံးသည် -
- **(က)** သက်သေနှင့် ပတ်သက်သော အထူးအစီအမံ တစ်ရပ်ရပ် (သို့မဟုတ် ယင်းအစီအမံများကို တစ်နည်းနည်းဖြင့် ပေါင်းစပ်ထားခြင်း)သည် သက်သေက ပေးမည့် သက်သေခံထွက်ဆိုချက်၏ အရည်အသွေးကို ပိုမိုကောင်းမွန်လာစေရန် အလားအလာရှိ၊မရှိကို စဉ်းစား ဆုံးဖြတ်ရမည်။

## ပုဒ်မ ၁၉၊ ၂၀၊ ၂၁ တို့နှင့် ဆက်စပ်လျက် ပုဒ်မ၁၆နှင့် ၁၇တို့ကို အသုံးပြုခြင်း

- **(ခ)** ထိုသို့ အလားအလာရှိသည်ဟု ဆုံးဖြတ်လျှင် -
- **(၁)** ထိုအထူး အစီအမံများမှ မည်သို့သော အစီအမံသည် (သို့မဟုတ် မည်သို့ ပေါင်းစပ်ထားသော အစီအမံသည်) ယင်းသက်သေခံ ထွက်ဆိုချက်၏ အရည်အသွေးအား ဖြစ်နိုင်သမျှလက်တွေ့ အကျဆုံး အနေအထား၌ အမြင့်မားဆုံး အတိုင်းအတာအထိ ရောက်ရှိစေမည့် အလားအလာ ရှိမည်ဆိုခြင်းကို စဉ်းစားဆုံးဖြတ်ရမည်။
- **(၂)** ဤပုဒ်မ၌ ပြဋ္ဌာန်းထားသော အထူးအစီအမံများမှ မည်သည့် အထူး အစီအမံသည် သက်သေကပေးသော သက်သေခံ ထွက်ဆိုချက်အတွက် အကျုံးဝင်ကြောင်း ညွှန်ကြားရမည်။

# ပုဒ်မ ၁၉၊ ၂၀၊ ၂၁ တို့နှင့် ဆက်စပ်လျက် ပုဒ်မ၁၆နှင့် ၁၇တို့ကို အသုံးပြုခြင်း

- **(ဃ)** သက်သေနှင့်ပတ်သက်သော အထူးအစီအမံတစ်ရပ်ရပ် သို့မဟုတ် အထူး အစီအမံများသည် သက်သေကပေးမည့် သက်သေခံထွက်ဆိုချက်၏ အရည်အသွေးကို ပိုမိုကောင်းမွန်လာစေရန် အလားအလာရှိ၊မရှိကိုလည်းကောင်း၊ ယင်းသက်သေခံ ထွက်ဆိုချက်၏ အရည်အသွေးအား ဖြစ်နိုင်သမျှလက်တွေ့ အကျဆုံးအနေအထား၌ အမြင့်မားဆုံးအတိုင်းအတာအထိ ရောက်ရှိစေမည့် အလားအလာရှိ၊မရှိကိုလည်းကောင်း စဉ်းစားဆုံးဖြတ်သည့်အခါတွင် အထူးအားဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များအပါအဝင် အမှုသွားအမှုလာ အခြေအနေများအားလုံးကို ထည့်သွင်းစဉ်းစားရမည် -
- **(က)** သက်သေက ဖော်ထုတ်ပြောဆိုလာသော မည်သည့်ထင်မြင်ချက်ကို မဆို
- **(ခ)** ဆောင်ရွက်ပေးမည့် အထူးအစီအမံ တစ်ရပ်ရပ် သို့မဟုတ် အစီအမံများသည် (သက်သေ၏) သက်သေခံထွက်ဆိုချက်ကို တစ်ဖက်အမှုသည်အနေနှင့် ထိရောက်စွာ ဆန့်ကျင်ချေဖျက်နိုင်သည့် အခွင့်အလမ်းအား တားဆီးပိတ်ပင်ခြင်းရှိ၊မရှိ

- **(၃)** ကလေးသူငယ်သက်သေ ပါဝင်နေသောအမှုတွင် အဓိကစည်းမျဉ်းမှာ တရားရုံးက သက်နေနှင့်စပ်လျဉ်း၍ အထူးအစီအမံဆောင်ရွက်မှုကို လမ်းညွှန်ရမည်ဖြစ်ပြီး ယင်းလမ်းညွှန်ချက်သည် အောက်ပါအချက်များနှင့် ကိုက်ညီမှုရှိရမည်။
- **(က)** တရားရုံးသည် ပုဒ်မ ၂၇ အရ  မှတ်တမ်းတစ်ရပ်ရပ် (ဗွီဒီယို ရိုက်ကူးထားသော အဓိက စစ်မေးချက် အတွက် သက်သေခံထွက်ဆိုသည့် မှတ်တမ်း)ကို သက်သေခံအဖြစ် တင်သွင်းရန်  ပြဋ္ဌာန်းသတ်မှတ်ရမည်။
- **(ခ)** တရားရုံးသည် တရားစွဲဆိုမှုတွင် (အဓိကစစ်မေးမှုအတွက် သက်သေခံထွက်ဆိုရာတွင်ဖြစ်စေ၊ အခြား စစ်မေးချက်အတွက် သက်သေခံထွက်ဆိုရာတွင်ဖြစ်စေ) ဗွီဒီယိုမှတ်တမ်းရိုက်ကူးသည့်နည်းလမ်းဖြင့် ထွက်ဆိုခြင်း မဟုတ်သော မည်သည့်သက်သေခံချက်ကိုမဆို ပုဒ်မ ၂၄ နှင့် အညီ နည်းပညာအသုံးပြု၍ တိုက်ရိုက်ချိတ်ဆက်လျက် သက်သေခံထွက်ဆိုချက် ပေးနိုင်ရန် ပြဋ္ဌာန်းသတ်မှတ်ရမည်။

# ပုဒ်မ ၂၁ - ကလေးသူငယ်သက်သေများနှင့်စပ်လျဉ်းသော အထူး ပြဋ္ဌာန်းချက်

# ပုဒ်မ -၂၈ ကြိုတင်မှတ်တမ်းတင်ထားသော ပြန်လှန်စစ်မေးခြင်း

- လက်တွေ့အကောင်အထည်ဖော်ခြင်းအဆင့်သို့ ရောက်ရှိရန် အချိန်ကာလတာရှည်ကြာမြင့်ခဲ့သည်။
- ၂၀၁၃ ခုနှစ် မတိုင်မီအထိ - ကနဦးစမ်းသပ်တရားရုံးများမရှိခဲ့
- ငယ်ရွယ်ပြီး အန္တရာယ်ကျရောက်လွယ်သော သက်သေများအတွက် နိုင်ငံတစ်ဝှမ်းလုံးတွင် အကောင်အထည်ဖော်မှုသည် ယခုအခါ ပြီးစီးပြီ (ပုဒ်မ ၁၆)
- ခြောက်လှန့်ခံထားရသော သက်သေများအတွက် အဆင့်လိုက်အကောင်အထည်ဖော်မှုကို ဆောင်ရွက်နေဆဲ ဖြစ်သည် (ပုဒ်မ ၁၇)
- လိင်ဆိုင်ရာပြစ်မှုဖြစ်ကြောင်း ထွက်ဆိုထားသောအမှုများ၊ အိမ်တွင်းညှဉ်းပန်းနှိပ်စက်မှုများနှင့် လူကုန်ကူးမှုများအတွက် တိုင်ကြားသူများအတွက်ပါ ပါဝင်သည်
- ပုဒ်မ ၂၈ က သက်သေခံထွက်ဆိုချက်၏ အရည်အသွေးကို တိုးတက်လာစေပြီး အမြင့်မားဆုံးဖြစ်လာစေလျှင် ၎င်းသည် မှန်ကန်သော ရွေးချယ်မှုဖြစ်သည်
- Ground Rules Hearing (GRH) ဆောင်ရွက်ရန် အလားအလာကို ထည့်သွင်းစဉ်းစားသင့်သည်

# ပုဒ်မ -၂၈ ကြိုတင်မှတ်တမ်းတင်ထားသော ပြန်လှန်စစ်မေးခြင်း

- ရဲတပ်ဖွဲ့ဝင်များအနေနှင့် သက်သေ၏ ထွက်ဆိုချက်ကို ဗွီဒီယိုမှတ်တမ်း ရိုက်ကူးထားရမည်ဟူသော ကြိုတင်စည်းကမ်း သတ်မှတ်ချက် တစ်ရပ်ဖြစ်သည်
- အရည်အခြင်း ပြည့်မီမှု ရှိ၊မရှိကို စောသောအဆင့်တစ်ရပ်တွင် စိစစ်ဖော်ထုတ်ရန် လိုအပ်သည်
- တရားရုံးအား အကြောင်းကြားရမည်
- သက်သေခံထွက်ဆိုရန်နှင့် တရားခွင်အကြို ဖွင့်ဟပြောဆိုမှုများပြုရန်ရန် လုပ်ငန်းစဉ်မှာ လျင်မြန်လာသည်
- GRH အတွက် လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားပါ
- ပုဒ်မ ၂၈ အရ ကြားနာရန် အမှုကိုစာရင်းသွင်းခြင်းနှင့် နောက်ဆက်တွဲပြုလုပ်မည့် တရားခွင်အတွက် နေ့ရက် သတ်မှတ်ခြင်းတို့ကို တပြိုင်နက်တည်း ပြုလုပ်သည်
- ပုဒ်မ ၂၈ အရ ကြားနာမှုသည် တရားခွင်၏ **အစ** ဖြစ်သည်

# ပုဒ်မ -၂၈ ကြိုတင်မှတ်တမ်းတင်ထားသော ပြန်လှန်စစ်မေးခြင်း

- ရှေ့နေများအနေနှင့် Advocate’s Gateway toolkits - Advocates Gateway တွင်ဖော်ပြထားသော အကြောင်းအရာများကို ကြည့်ရှုရန် လိုအပ်သည်
- GRH ပုံစံ – ရှေ့နေက မေးခွန်းများကို ကြိုတင်ရေးချရန် လိုအပ်ကောင်းလိုအပ်မည်
- ပုဒ်မ ၂၈ အရ ကြားနာမှုတွင် သဘောတူထားသောမေးခွန်းများအပေါ် ဖြေဆိုသောအဖြေများကို တရားသူကြီးက မှတ်စု ရေးထားသင့်သည်
- ကြိုတင်မှတ်တမ်းတင်ထားသော ပြန်လှန်စစ်မေးခြင်း – Vodaphone ဖြင့် မှတ်တမ်းတင် သိမ်းဆည်းထားမည်
- တရားသူကြီးနှင့် ရှေ့နေတို့ ရှေ့နောက်ညီညွတ်မှု – မဖြစ်မနေ ကိစ္စမဟုတ် သို့သော် ဖြစ်လျှင်ကောင်းသည်
- မှတ်တမ်းကို တည်းဖြတ်ရန် လိုအပ်သလား?
- ပုဒ်မ ၂၈ အရ ကြားနာမှုပြီးနောက်တွင် ရှေ့နေက မေးစရာမေးခွန်းများ ထပ်မံပေါ်ပေါက်လာလျှင် ဘယ်လိုလုပ်မလဲ?

# GRH

- အန္တရာယ်ကျရောက်လွယ်သော သက်သေ သို့မဟုတ် တရားခံ ပါဝင်နေသော မည်သည့်အမှုတွင်မဆို Ground Rules Hearing (GRH) (အခြေခံမှုအရ ကြားနာခြင်း) ပြုလုပ်ရန် ထည့်သွင်းစဉ်းစားရမည်။
- အန္တရာယ်ကျရောက်လွယ်သောအဆင့်က မြင့်မားလေလေ ထိုသို့သော (GRH) ကြားနာမှုမျိုးကို ပြုလုပ်ရန် အရေးကြီးလေလေဖြစ်သည်။

# အန္တရာယ် ကျရောက်လွယ်ခြင်းအတွက် ကိုက်ညှိပြင်ဆင်ခြင်း

- သက်သေကို ဘယ်အချိန်မှာ ခေါ်သင့်သလဲ?
- တရားသူကြီးနဲ့ ရှေ့နေတွေက ဘယ်လို ဝတ်စားဆင်ယင်သင့်သလဲ?
- သက်သေနဲ့ ကြိုတင်တွေ့ဆုံသင့်သလား?
- လိုအပ်လျှင် ခေတ္တနားချိန်များပေးပါ
- ကြားဝင်ဆောင်ရွက်ပေးသူတွေနဲ့ ဘယ်လိုထိတွေ့ဆက်ဆံမလဲ
- ရှေ့နေများက မေးခွန်းများ ကြိုတင်တင်ပြရန်လိုအပ်သည် (Dinc [2017] EWCA Crim 1206) - ပုဒ်မ ၂၈နှင့် ဆက်ဆိုင်ယှံသာမကပါ
- သက်သေအား မေးခွန်းများမေးခြင်းကို ထိန်းချုပ်ရန်၊ သင့်လျော်သော အချိန်ကန့်သတ်ချက် ချမှတ်ရန်၊ မသင့်လျော်သော မေးခွန်းမေးမြန်းခြင်းကို ကြားဖြတ် ဟန့်တားရန်တာဝန် (Lubemba [2014] EWCA Crim 2064)

# အန္တရာယ် ကျရောက်လွယ်ခြင်း အတွက် ကိုက်ညှိပြင်ဆင်ခြင်း

- တည်းဖြတ်မှု ထိန်းချုပ်ခြင်းကို ကျင့်သုံးပါ
- မေးခွန်းမေးပါ၊ ဝေဖန်မှု မပြုရ
- ပြန်လှန် စစ်မေးခြင်းအတွက် အချိန်ကန့်သတ်သင့်သလား? ကြိုတင်ကန့်သတ်ပါ၊ မေးခွန်းမေးခြင်း တစ်ဝက်ရောက်မှ ကန့်သတ်ခြင်း မပြုသင့်
- တရားခံ တစ်ယောက်ထက်ပိုလျှင် ရှေ့နေနှစ်ဦးစလုံးက တူညီသော အကြောင်းများ မေးမြန်းနေမှုကို ရပ်တန့်ခိုင်းပါ
- အသက်အရွယ်ငယ်သော သို့မဟုတ် အခြားတစ်နည်းတည်းဖြင့် အန္တရာယ်ကျရောက်လွယ်သော သက်သေများပါဝင်နေလျှင် အမှုကို "အထူး ပုံစံဖြင့် စစ်ဆေးဖို့ လိုသလား"?
- မေးခွန်းမေးမြန်းမှု ဟန်ပန်နှင့် မေးခွန်းတွင်ပါဝင်သော အကြောင်းများအပေါ် ကန့်သတ်လျှင် (မူလက) မည်သို့သော မေးခွန်များကို မေးမြန်းလိုခြင်း ဖြစ်မည်ကို ထည့်သွင်း စဉ်းစားပါ
- ရှေ့နောက် အဆီအငေါ် မတည့်မှုများကို တိုက်ရိုက်ဖော်ပြရန် မလိုအပ် - အခြားနည်းလမ်းဖြင့် သရုပ်ပေါ်အောင် ပြသပါ

# အနွတ္တရာယ်ကျရောက်လွယ်သော တရားခံများ

- YJCEA 1999 သည် တရားခံများအတွက် အကျုံးမဝင်ပေ
- *R. (D) v Camberwell Green Youth Court*; [2005] UKHL 4 (စီရင်ထုံး) - တရားရုံးတွင်  ဖြစ်နိုင်သမျှ အကောင်းဆုံးသော သက်သေခံထွက်ဆိုချက်ပေးနိုင်ရန်အလို့ငှာ မျှတသော အခွင့်အရေးတစ်ရပ်ရရှိရန် ကြပ်မတ်ဆောင်ရွက်ခြင်းအပါအဝင်  တရားခံအနေနှင့် မျှတသော ရုံးတင်စစ်ဆေးမှု ရရှိရန်အတွက် ကြပ်မတ်ဆောင်ရွက်မှုပြုရန် ကျယ်ပြန့်၍ ပြောင်းလွယ်ပြင်လွယ်ရှိသော နဂိုမူလအာဏာများရှိပေသည်။
- *"တရားသူကြီးတစ်ဦး၌ တရားခံအနေနှင့် ရုံးတင်စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းကို ကြပ်မတ်လုပ်ဆောင်ရန်အတွက် အရေးယူစီမံဆောင်ရွက်မှုများပြုလုပ်နိုင်သော နဂိုမူလအာဏာရှိသည်။ တရားခံတစ်ဦးအား ရုံးတင်စစ်ဆေးမှုတွင် ၎င်းကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းကို သေချာဖြစ်မြောက်စေရန် ကြပ်မတ်ရခြင်းနှင့်စပ်လျဉ်းပါက တရားရုံးတစ်ရုံး၏ အာဏာမှာ အကန့်အသတ်မရှိပေ။"*

# အနှောင့်အယှက်ပေးသော တရားခံများ

- SH [2003] EWCA Crim 1208 – တရားခွင်တွင် ဆောင်ရွက်နေသော တရားသူကြီးတစ်ဦးအနေနှင့် သင်ယူမှုဆိုင်ရာ အခက်အခဲများရှိနေသော တရားခံအား အကူအညီဖြစ်စေမည့် အရေးယူစီမံဆောင်ရွက်မှုများပြုလုပ်ခြင်းနှင့် ပတ်သက်၍ ၎င်း၏ဆင်ခြင်တုံတရားကို ကျင့်သုံးရန် အခွင့်ရှိကြောင်း အယူခံရုံးက ဥပဒေနှင့်ပတ်သက်သော ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းသို့ ကူညီဆောင်ရွက်ခြင်းတွင် အောက်ပါတို့အကျုံးဝင်သည် -
- တရားခံက သက်သေခံချက်ပေးနေစဉ်အတောအတွင်း၌ ၎င်းအား ကြားဝင်ဆောင်ရွက်သူတစ်ဦးက ကူညီခြင်းကို ခွင့်ပြုခြင်း၊
- အသေးစိတ် ချေပလျှောက်လဲချက်ကို ဂျူရီလူကြီးများအား ဖတ်ကြားတင်ပြခြင်း၊
- တရားခံက အဓိကစစ်မေးခြင်း၌ထွက်ဆိုခဲ့သော ၎င်း၏ ထွက်ဆိုချက်တစ်ရပ်ကို မမှတ်မိနိုင်ဘဲ အခက်အခဲကြုံတွေ့နေသော အခါတွင် အဆိုပါထွက်ဆိုချက်အပေါ် အခြေပြု၍ နိမိတ်ပြမေးခွန်းများမေးမြန်းခြင်း။

# အန္တရာယ်ကျရောက်လွယ်သော တရားခံများ

- *Thomas* [2020] EWCA Crim 117
- ကြားဝင်ဆောင်ရွက်သူများကို တရားခွင်၏ လုပ်ရိုးလုပ်စဉ်တစ်ခုအဖြစ် ခန့်အပ်ခြင်းမပြုသင့်ဘဲ ခိုင်မာသော အကြောင်းပြချက်များ ပေါ်ပေါက်မှသာ ယင်းသို့ ခန့်အပ်သင့်သည်။ တရားခံအနေနှင့် တရားခွင်၌ ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် တရားခွင်လုပ်ငန်းစဉ်များတွင် အခြားသော လိုက်လျောညီထွေဖြစ်အောင် ပြုပြင်စီမံပေးမှုများသည် ၎င်း၏လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်လိမ့်မည်မဟုတ်ကြောင်း ရှင်းလင်းစွာသိထားသင့်ပါသည်။ တရားခံနှင့် ဆက်ဆိုင်သော ဝန်းကျင်အခြေအနေများကိုသာမက သက်ဆိုင်ရာတရားခွင်၏ ဆက်ဆိုင်သော ဝန်းကျင်အခြေအနေများကိုပါ စိစစ်အကဲဖြတ်မှု တစ်ရပ်ပြုသင့်သည်။ တရားခံ ကြုံတွေ့နေရသော မည်သည့်အခက်အခဲမျိုးကိုမဆို ၎င်းတို့ ရင်ဆိုင်နေရသော တရားစွဲဆိုမှု လုပ်ငန်းစဉ်နှင့် ချိတ်ဆက်ကာ ရှေ့နောက်ဆက်စပ်၍ စဉ်းစားရမည်။

# အန္တရာယ်ကျရောက်လွယ်သော တရားခံများ

- *TI v Bromley Youth Court* [2020] EWHC 1204 (Admin)
- တရားခံအား ကူညီရန်အတွက် ကြားဝင်ဆောင်ရွက်မည့်သူကို ခန့်အပ်ရန် ပြဋ္ဌာန်းဥပဒေအခြေခံ လုံးဝမရှိပါက ပြစ်မှု လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် (CPD) ပုဒ်မ 3F. 13 ၌ သက်သေခံချက်ပေးနေသော တရားခံကို ကူညီရန်ဖြစ်စေ၊ ရုံးတင်စစ်ဆေးမှု လုပ်ငန်းစဉ် တစ်ခုလုံးအတွက် ကူညီရန်ဖြစ်စေ ကြားဝင်ဆောင်ရွက်သူတစ်ဦးကို ခန့်အပ်ရန်အတွက် တရားရုံးသည် ၎င်း၏ နဂိုမူလအာဏာကို ကျင့်သုံးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ CPD ပုဒ်မ 3F.25 က အသက် ၁၈ နှစ်အောက် တရားခံအား တရားရုံးတွင် ကြားဝင်ဆောင်ရွက်သူ တစ်ဦးက အကူအညီပေးရမည်ဟု ကြိုတင်မှတ်ယူထားခြင်းမရှိသော်လည်း ထိုသို့သော ဆုံးဖြတ်ချက်ကို အမှုသွားအမှုလာ အခြေအနေပေါ်တွင် မူတည်၍ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် သီးသန့်စီ ချမှတ်ရပါမည်။ ပဓာနကျသောအချက်မှာ ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုရာတွင် မည်သည့်တရားခံမဆို မျှတသော ရုံးတင်စစ်ဆေးမှုကို ခံယူနိုင်စေရန်ဖြစ်သည်။ အန္တရာယ်ကျရောက်လွယ်သော အသက်ငယ်ရွယ်သူများ ပါဝင်သောအမှုများတွင် တရားရုံးအနေနှင့် အာရုံစူးစိုက်နိုင်ခြင်းနှင့် နားလည်နိုင်ခြင်းဆိုင်ရာ ကိစ္စရပ်များက တရားခံများ၏ ရုံးတင်စစ်ဆေးခြင်းတွင် ပါဝင်ဆောင်ရွက် နိုင်သော စွမ်းရည်ကို မည်သို့သက်ရောက်မှု ဖြစ်ပေါ် နိုင်ကြောင်း ထည့်သွင်း စဉ်းစားရမည်။
- HMCTS Intermediary Scheme (HMCTS ကြားဝင်ဆောင်ရွက်ခြင်း အစီအစဉ် - ဧပြီလ တစ်ရက်နေ့မှ စတင်သည်)

# အန္တရာယ်ကျရောက်လွယ်သော တရားခံများ

- Lubemba အမှု၌ ချမှတ် ဖော်ပြထားသော အန္တရာယ် ကျရောက်လွယ်သော သက်သေများ၏ ပါဝင်ဆောင်ရွက်မှုကို  ထောက်ကူနိုင်ရန်အတွက် လိုအပ်သော လုပ်ငန်းအဆင့်များကို လုပ်ဆောင်ခြင်းဆိုင်ရာ အခြေခံမှုများသည် အခြား အန္တရာယ်ကျရောက်လွယ်သော မည်သည့် သက်သေအတွက်မဆို အကျုံးဝင်သည့်နည်းတူ သက်သေအဖြစ်ဆောင်ရွက်နေသော ကလေးသူငယ် တရားခံများအတွက်လည်း တူညီစွာ အကျုံးဝင်ပါသည်။ *Grant-Murray (Janhelle); McGill (Joseph) [2017] EWCA Crim 1228; [2018] Crim. L.R. 71* (အသက်ငယ်ရွယ်သော သက်သေများ သို့မဟုတ် တရားခံများ ပါဝင်နေသော အမှုများတွင် လိုက်ပါဆောင်ရွက်သော ရှေ့နေတစ်ဦးအနေနှင့် အထူးကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်ထားပြီးခြင်း မရှိပါက ထိုအမှုမျိုးအတွက် လိုက်ပါဆောင်ရွက်ရန် အရည်အချင်း ပြည့်မီသည်ဟု လက်ခံစဉ်းစားရန် ခက်ခဲပါသည်)

# အန္တရာယ်ကျရောက်လွယ်သော တရားခံများ

- အန္တရာယ်ကျရောက်လွယ်သော တရားခံနှင့် အန္တရာယ်ကျရောက်ရန်မလွယ်သော တရားခံများအား အတူတကွ ရုံးတင်စစ်ဆေးနိုင်ခွင့်?
- အန္တရာယ်ကျရောက်လွယ်သော တရားခံကို တရားရုံးနှင့် ရင်းနှီးမှုရရှိစေရန် ကြိုတင်သွားရောက်လေ့လာစေခြင်း (ကြားဝင်ဆောင်ရွက်သူပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ)
- တရားခံက ဘယ်နေရာမှာ ထိုင်မှာလဲ၊ ဘယ်သူနဲ့လဲ?
- တရားခံကို ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သော အများပြည်သူသိရှိအောင် အသိပေးခြင်းဆိုင်ရာ ကိစ္စရပ်များ?
- ယေဘုယျ အားဖြင့် သတင်းရေးသားခြင်းဆိုင်ရာ ကန့်သတ်ချက်များ?
- GRH လိုအပ်သလား?

# အန္တရာယ်ကျရောက်လွယ်သော တရားခံများ

- အစိုးရရှေ့နေ (ဥပဒေအရာရှိ) က မေးခွန်းများ စာဖြင့်ရေးချထားခြင်း?
- (တရားသူကြီး၏) ဆံပင်တုများနှင့် ဝတ်ရုံများ?
- အများပြည်သူ လာရောက်မှုကို ကန့်သတ်ခြင်း?
- အသက်အရွယ်နှင့် ဆီလျော်သော ဘာသာစကား အသုံးအနှုန်း?
- ထိရောက်သော ပါဝင်ဆောင်ရွက်မှုကို ဖြစ်မြောက်အောင် အားပေးနိုင်ရန် သင့်လျော်သော ကိုက်ညှိပြင်ဆင်မှုများ ပြုလုပ်ပါ

# ပြီးပါပြီ

